# ဘဏ္ဍာတော်နှင့်အခွန်တော်ဌာန။
# ၁၉၄၂ ခုနှစ်၊ မြီရှင်များတချက်လွှတ်အမိန့်။
# ၁၉၄၂ ခုနှစ်၊ တချက်လွှတ်အမိန့်အမှတ်စဉ်၂။
# (၁၉၄၂ ခုနှစ်၊ စက်တဘ်ာလ ၂၀ ရက်)

မြီရှင်များ၏လုပ်ငန်းကို ဥပဒေအတိုင်း အတည်တကျဖြစ်စေရန်နှင့် မြီစားများ၏ အခြေအနေကို သက်သာချောင်ချိရန်ထုတ်ပြန်လိုက်သောတချက်လွှတ်အမိန့်။

မြီရှင်များ၏လုပ်ငန်းကို ဥပဒေအတိုင်း အတည်တကျဖြစ်စေခြင်းနှင့် မြီစားများ၏အခြေအနေ ကို သက်သာချောင်ချိစေခြင်း အလို့ငှါ၊ ဗမာနိုင်ငံတော်ရှိ၊ နိုပ္ပွန်တပ်မတော် စစ်သေနာပတိကြီး၏ သဘောတူ ချက်အရ အစိုးရဝန်ကြီးချုပ်က အောက်ပါတချက်လွှတ်အမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ။ ယခုတချက်လွှတ်အမိန့်ကို **၁၉၄၂ ခုနှစ်၊ မြီရှင်များတချက်လွှတ်အမိန့်**ဟု ခေါ်တွင်အပ်သည်။

၂။ ။ ယခုတချက်လွှတ်အမိန့်တွင် ပါဝင်သော အကြောင်းအရာ၌သော်၎င်း၊ စာ၏သဘော၌သော်၎င်း၊ ဆန့်ကျင်ကွဲလွဲသည့်အချက်တစုံတရာမပါမရှိလျှင်-

"မြီရှင်" ဆိုသည်မှာ အတိုးယူ၍ ငွေချေးစားခြင်းလုပ်ငန်းကို ဆောင်ရွက်သူနှင့်တကွ၊ ၎င်း၏တရားဝင် ကိုယ်စားလှယ်၊ အမွေခံ အမွေစားအဖြစ်ဖြင့် အကျိုးသက်ဆိုင်သူ၊ လွှဲအပ်ခြင်းခံရသူ၊ သို့မဟုတ် အခြားတနည်းနည်းဖြင့်သက်ဆိုင်သူများဖြစ်သည်။ သို့သော် ဤအဓိပ္ပါယ်ဖေါ်ပြချက်တွင် အောက်ပါသူများ မပါဝင်ချေ။

(က) ကွယ်လွန်သူမြီရှင်တဦးတယောက်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်စေ၊ အမွေခံအမွေစားအဖြစ်ဖြင့် အကျိုးသက်ဆိုင်သူဖြစ်စေ၊ လွှဲအပ်ခြင်းခံရသူဖြစ်စေ၊ အခြားတနည်းနည်းနှင့် သက်ဆိုင်သူဖြစ်စေ၊ ကွယ်လွန်သူ မြီရှင်၏အခွင့်အရေးနှင့် တာဝန်မကင်းသည့် ကိစ္စအားလုံးတို့ကို လက်ခံဆောင်ရွက်ရသောသူ သည်၊ ကွယ်လွန်သူ မြီရှင်၏လုပ်ငန်းများကို ရုပ်သိမ်းရပ်စဲ၍ နောက်ထပ်ငွေကြေးထုတ်၍မချေးသောသူ။

(ခ) ယခုတချက်လွှတ်အမိန့် အတည်ပြုသည့်နေ့တွင် မိမိ၏ငွေချေးလုပ်ငန်းကို ရုပ်သိမ်းရပ်စဲ၍၊ နောက်ထပ် ငွေရင်းထုတ်၍မချေးသောသူ။

(ဂ) မိမိ၏လယ်ယာမြေများ၌ ရာသီအလိုက်လုပ်ကိုင်ရန် မိမိ၏သီးစားများအား ငွေထုတ်ချေးသောသူ။

၃။ ။ (၁) မည်သည့် မြီရှင်မဆို အစိုးရ၊ သို့မဟုတ် အစိုးရက ခန့်အပ်ထားသောသူ တဦးတယောက်ထံတွင် မှတ်ပုံတင်ရမည်။

(၂) မည်သည့်မှတ်ပုံတင်ရန် လျှောက်လွှာမဆို ပြဋ္ဌာန်းထားသော ပုံစံတွင် ပါရှိရမည့်အပြင်၊ အောက်ပါ အချက်များကိုဖေါ်ပြရမည်။

(က) လျှောက်သူ၏အမည်နှင့်လိပ်။

(ခ) မိမိလုပ်နေသည့်၊ သို့မဟုတ် လုပ်လိုသော ငွေချေးလုပ်ငန်း၏ အမည်နှင့် လုပ်ငန်း၏သဘော။

(ဂ) မိမိ၏ပင်ရင်းလုပ်ငန်းဌာန၏လိပ်နှင့် လုပ်ငန်းဌာနခွဲများ (ရှိလျှင်) မိမိလုပ်နေသော၊ သို့မဟုတ် လုပ်လိုသော ခရိုင်အမည်။ သို့မဟုတ် အမည်များ။ ထို့ပြင်

(ဃ) အောက်ပါဆီဆိုင်သည့်အခြားအကြောင်းအရာများ။

(၁) မိမိလုပ်ငန်း အတွက် (မ) တည်ထားသောငွေ၏ အခြေခံနှင့် အခြေခံများ။ (ဥပမာ၊ မိမိပိုင်ငွေရင်း၊ သို့မဟုတ် ငွေရင်းထုတ်ပေးသူထံမှ ချေးငှါးထားသည့်ငွေ၊ ဘဏ်၊ သို့မဟုတ် အခြားအခြေခံ။)

(၂)လုပ်ငန်းကို ဆက်သွယ်မည်ဟု ကြံရွယ်ထားသော မြီစားများ၏ အတန်းအစားများ။ (ဥပမာ၊ လယ်သမားများ၊ ကုန်သည်ကလေးများ စသည်တို့)။ ထို့ပြင်

(၃) မြီစားတဦးတယောက်ကိုသော်၎င်း၊ မြီစားအစုအရုံးသို့သော်၎င်း၊ ထုတ်ပေးမည်ဟုကြံရွယ်ထားသည့် အများဆုံးချေးငွေ။

(၃) အစိုးရကဖြစ်စေ၊ သို့မဟုတ် အစိုးရက ခန့်အပ်ထားသောသူ တဦးတယောက်ကဖြစ်စေ၊ စည်းကမ်း တကျတင်သွင်းသော လျှောက်လွှာကို လက်ခံရရှိလျှင်၊ ပြဋ္ဌာန်းထားသောပုံစံအတိုင်း မြီရှင်အားမှတ်ပုံတင် လက်မှတ်တစောင်ထုတ်ပေးရမည်။

(၄) မှတ်ပုံတင်ရန် လျှောက်လွှာတိုင်း မြီရှင်၏လုပ်ငန်းကို ခရိုင်တခုတည်းပင် ပြုလုပ်လိုလျှင် ပြဋ္ဌာန်းထား သည့်အခငွေ ကျပ်၅၀ ကျသောတံဆိပ်များ ခတ်နှိပ်ရမည်။ သို့မဟုတ် အခြားအတွက်ဆိုလျှင်ငွေ ကျပ် ၁၀၀ ဘိုးတံဆိပ်ခတ်နှိပ်ရမည်။

(၅) ပုဒ်မ ၃ (၃) အရထုတ်လိုက်သော မှတ်ပုံတင်လက်မှတ်တစောင်သည် မှတ်ပုံတင်သည့်နေ့ကအစပြုသည့် ၂ နှစ်အတွင်းအတည်ဖြစ်စေရမည်။

၄။ ။ မြီရှင်သည်နှစ်စဉ် ဇွန်လအကုန်နှင့် ဒီဇဘာလအကုန်တွင် ပြဋ္ဌာန်းသောပုံစံအတိုင်း မိမိ၏ လုပ်ငန်း၏နှစ်ဝက်အစီရင်ခံစာကို အစိုးရထံသို့တင်သွင်းရမည်။

၅။ ။ ယခုတချက်လွှတ်အမိန့်နှင့် ဆန့်ကျင်ကွဲလွဲသည့် အကြောင်းအရာများသည်၊ မည်သည့်ဥပဒေ၊ သို့မဟုတ် ဥပဒေကဲ့သို့ အတည်ရှိသည့် စာချုပ်စာတမ်းများတွင် ပါဝင်စေကာမူ၊ မည်သည့်မြီရှင်မဆို၊ အစိုးရက သတ်မှတ်ထားသောနှုန်းထက်ပိုသော အတိုးအခကို မကောက်ခံရ။

၆။ ။ မည်သူမဆိုပုဒ်မ ၃၊ ပုဒ်မ ၄၊ သို့မဟုတ် ပုဒ်မ ၅ ကို ကျူးလွန်လျှင်အောက်ပါအတိုင်း အပြစ်ပေးခံရ လိမ့်မည်။

(၁) ပဌမအကြိမ်ပြစ်မှုကျူးလွန်လျှင် ဒဏ်ငွေ ကျပ် ၂၀၀ ထိ။

(၂) ဒုတိယအကြိမ်ပြစ်မှုကျူးလွန်လျှင် ဒဏ်ငွေ ကျပ် ၅၀၀ ထိ။

(၃) တတိယအကြိမ်နှင့်နောက်ဖြစ်သော အကြိမ်ပြစ်မှုကျူးလွန်လျှင် သုံးလထိအလုပ်ကြမ်းမဟုတ်သည့် ထောင်ဒဏ်၊ သို့မဟုတ် ကျပ် ၁၀၀၀ထိငွေဒဏ်၊ သို့မဟုတ် ဒဏ် ၂ ရပ်လုံး။

ဘမော်။

ဝန်ကြီးချုပ်။

၁၉၄၂ ခုနှစ်၊ မြို့ရှင်များတချက်လွှတ်အမိန့်။

ရန်ကုန်မြို့၊ ၁၉၄၂ ခုနှစ်၊ စက်တင်္ဘာလ ၂၀ ရက်။